ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အလုပ်သမားဝန်ကြီးဌာန

ကြေညာချက်အမှတ် ( ၆ /၂၀၂၂ )
၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
(၂၀၂၂ ခုနှစ်၊ မေ လ ၂၇ ရက်)

# ပြည်ပအလုပ်အကိုင်ဆိုင်ရာ စစ်တမ်းကောက်ယူခြင်းနှင့် ပြည်ပအလုပ်အကိုင်အသိအမှတ်ပြုကတ် (OERC) ထုတ်ပေးခြင်း ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ အလုပ်သမားဝန်ကြီးဌာနသည် ပြည်ပနိုင်ငံအသီးသီးတွင် ရောက်ရှိ အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားများ (တရားဝင်နေထိုင်လုပ်ကိုင်နေသည့်အလုပ်သမားများ၊ သက်တမ်းကျော်လွန်နေထိုင်လုပ်ကိုင်နေသူများ၊ အလုပ်လုပ်ကိုင်နေသည့် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများ၊ ခိုလှုံခွင့်ဗီဇာတစ်မျိုးမျိုးဖြင့် နေထိုင်လုပ်ကိုင်နေသူများ) ၏ အလုပ်အကိုင်ဆိုင်ရာ သတင်းအချက်အလက်များကို စစ်တမ်းကောက်ယူခြင်းနှင့် ပြည်ပအလုပ်အကိုင်အသိအမှတ်ပြုကတ် (Overseas Employment Registration Card - OERC) ထုတ်ပေးခြင်းကို အောက်ပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည် -

(က) ပြည်ပနိုင်ငံများတွင် အမှန်တကယ်ရောက်ရှိ လုပ်ကိုင်နေသူဦးရေ (ခန့်မှန်း) သိရှိနိုင်ရန်နှင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အလုပ်အကိုင်ဆိုင်ရာ အခြေခံအချက်အလက်များမှ တစ်ဆင့် ပိုမိုကောင်းမွန်သည့် ပြည်ပအလုပ်အကိုင်ဆိုင်ရာမူဝါဒများ ချမှတ်ရာတွင် အထောက်အကူ ဖြစ်စေရန်၊

(ခ) ပြည်ပနိုင်ငံများတွင် ရောက်ရှိလုပ်ကိုင်နေသူများ ကြုံတွေ့နေရသည့် အခက်အခဲများကို လျင်မြန်ထိရောက်စွာ ချိတ်ဆက်ကူညီဆောင်ရွက်ပေးနိုင်ရန်၊

(ဂ) နွေဦးတော်လှန်ရေးကြားကာလအတွင်း NUG ပြည်သူ့အစိုးရအား ထောက်ခံသည့် အင်အားတစ်ရပ်အနေဖြင့်ပါဝင်နိုင်ရန်နှင့်နွေဦးတော်လှန်ရေး ဘဏ္ဍာရန်ပုံငွေ ရရှိရန်၊

(ဃ) ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေအရ ပြည်ပတွင်အလုပ်လုပ်ကိုင်ခွင့်အတွက် အသိအမှတ်ပြု သက်သေခံကတ်အဖြစ် ထုတ်ပေးထားသည့် Overseas Worker Identification Card-OWIC အစား Overseas Employment Registration Card-OERC အဖြစ် ပြောင်းလဲထုတ်ပေးရန်၊

(င) သက်ဆိုင်ရာပြည်ပနိုင်ငံရောက်အထောက်အထားမဲ့မြန်မာအလုပ်သမားများအတွက် မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံလက်မှတ် (Certificate of Identification - C of I) ထုတ်ပေးရာတွင် အထောက်အထားတစ်ရပ်အနေဖြင့် အသုံးပြုနိုင်ရန်။

၂။ OERC ကတ်အတွက် လျှောက်လွှာတင်သွင်းခြင်းနှင့် စစ်တမ်းကောက်ယူခြင်းကို Online Application Form အသုံးပြုသွားမည်ဖြစ်ပြီး Application Form တွင် ဖြည့်သွင်းထားသည့် အချက်အလက်များကို စိစစ်အတည်ပြု၍ OERC (Smart Card) ပြန်လည်ထုတ်ပေးသွားမည် ဖြစ်သည်။

၃။ Application Form ဖြည့်သွင်းရာတွင်အခက်အခဲရှိပါကလိုအပ်သည်များပံ့ပိုးကူညီဆောင်ရွက် ပေးရန်၊ OERC (Smart Card) ဖြန့်ဝေပေးရန်နှင့် မလိုလားအပ်သည့် လိမ်လည်မှု၊ မသမာမှုများမှ ကာကွယ်နိုင်ရန် သက်ဆိုင်ရာ နိုင်ငံများရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားရေးရာ ကော်မတီများ (MMWCs)၊ ကိုယ်စားလှယ်အဖွဲ့များနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တာဝန်ယူကူညီဆောင်ရွက်ပေးမည့် အဖွဲ့အစည်း၊ ကိုယ်စားလှယ်ပုဂ္ဂိုလ်အမည်များနှင့် အသေးစိတ်အစီအစဉ်ကို နိုင်ငံအလိုက်သီးခြားစီထပ်မံထုတ်ပြန်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ